

Public education
**Discover a world of opportunities**

BURMESE

အကြို-မူလတန်း

# ဟဲလိုး အကြို-မူလတန်း

Department of
**Education**

သင့်ကလေး အကြို-မူလတန်းကို စတင်သည့်အခါ ဘာကို မျှော်လင့်ရမည်။

CC BY

# အတွင်းတွင် ဘာရှိသည်


| | |
|---|---|
| သင့်ကလေး၏ ကျောင်း ခရီးလမ်း | 4 |
| စောစောပိုင်းအရွယ် အတွေ့အကြုံများနှင့် ဦးနှောက် ဖွံ့ဖြိုးမှု | 5 |
| အကြို-မူလတန်း မတက်မနေရ ကျောင်းပညာရေးကို စတင်ခြင်း | 6 |
| ကျွန်ုပ် ကလေး ဘာကိုလေ့လာသင်ယူမည်နည်း။ | 8 |
| နေ့စဉ်ကျောင်းသို့ တက်ရောက်ခြင်းသည် အမှတ်တကယ် အရေးပါသည် | 11 |
| အိမ်တွင် သင် ဘာလုပ်နိုင်သည် | 12 |
| သင်နှင့် သင့်ကလေးအတွက် ပိုမိုသော အကြံဉာဏ်များ | 13 |




**ခေါင်းစဉ်-** ဟဲလို့ အကြို-မူလတန်း သင့်ကလေး အကြို-မူလတန်းကို စတင်သည့်အခါ ဘာကို မျှော်လင့်ရမည်။


SCIS NO: 1710398
ISBN: 978-0-7307-4564-8



© Department of Education Western Australia, 2015

ဤထုတ်ပြန်စာစောင်ကို စီးပွားရေးကိစ္စမဟုတ်သည့် ပညာရေး ရည်ရွယ်ချက်များအတွက် ပညာရေးကျောင်းတစ်ခုတွင် အပြည့်အစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်း နှင့် မည်သည့်ရေးသည့်ပုံစံနှင့်မဆို အခမဲ့ မိတ္တူကူးယူနိုင်ကောင်း ကူးယူနိုင်သည်။


ဤစာစောင်ကို သင့်တော်သော နောက်တစ်နည်း ပုံစံဖြင့် တောင်းဆိုလျှင် ရရှိနိုင်ပါသည်။


**Department of Education**
151 Royal Street
East Perth WA 6004
T: 9264 5803
W: education.wa.edu.au




CC BY © Department of Education, Western Australia, 2015



## ဤစာအုပ်သည် သင့် ကလေး အကြို-မူလတန်းကို စတက်သည့်အလျောက် သင့်အတွက်ဖြစ်သည်။

၎င်းသည် အကြို-မူလတန်းကျောင်း၌ ထုံးစံအတိုင်း နေ့တစ်နေ့တွင် ဘာဖြစ်မည်ကို သင့်အား တင်ပြမည်ဖြစ်ပြီး ကျောင်းတွင် သင့်ကလေးအား နေသားကျအောင် အထောက်အကူပေးမည့် အကြံဉာဏ်များ ပါဝင်ပါသည်။

သင့်ကလေး၏ လက်ဦးဆရာအဖြစ် သင် ပါဝင်လုပ်ရမည့် ကဏ္ဍသည် အကွာရာကျပါသည်။ ကျောင်း၏အစဦးပိုင်းနှစ်များသည် အိမ်၌သင့်ကလေး ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် တည်ဆောက်သွားပြီး သူတို့၏ အနာဂတ် သင်ယူလေ့လာရေး အားလုံးအတွက် အခြေခံအုတ်မြစ်ကို တည်ဆောက်သည်။

သင့်ကလေး၏ သင်ယူလေ့လာရေးကို အထောက်အကူပြုရန် သင် လုပ်နိုင်သည့် အရာများ အမြောက်အမြား ရှိပါသည်။

ဤစာအုပ်ငယ်သည် သင့်ကလေး အကြို-မူလတန်းကျောင်း၌ နေ့စဉ် သင်ယူလေ့လာနေမှုကို စိတ်လှုပ်ရှားဖွယ်ရာများ ထပ်ဖြည့်ထည့်ရန်အတွက် အိမ်တွင် သင်လုပ်နိုင်သည့် အကြံဉာဏ်များကို သင့်အား ပေးပါသည်။

**ပျော်ရွှင်စရာကောင်းသည့် အကြံဉာဏ်များနှင့် သင့်ကလေးနှင့်အိမ်တွင် သင်လုပ်နိုင်သည့် လုပ်ဆောင်ချက်များဖြင့် ပြည့်နက်နေသည့် ကျွန်ုပ်တို့၏ အွန်လိုင်း စာအုပ်ငယ်များနှင့် အချက်အလက်စာချုပ်လွှာများကို တွေ့ရှိပါ။**
**W: education.wa.edu.au.**

© Department of Education, Western Australia, 2015 CC BY

# သင့်ကလေး၏ ကျောင်း ခရီးလမ်း

ကလေးများသည် သူတို့ ကျောင်းကို စတင်မတက်မီ အရေးကြီးသည့် အရာအများအပြားကို သင်ယူလေ့လာကြသည်။

သူတို့သည် အိမ်တွင် သင့်ထံမှ၊ မိတ်ဆွေများနှင့်မိသားစုမှ၊ ဒေသတွင်းရှိ ကစားအုပ်စုများတွင်၊ ကလေးနှင့်မိဘ စင်တာ၊ နှင့် အကယ်၍သူတို့တက်ရောက်လျှင် ကလေး/မိသားစု နေ့ကလေးထိန်းနှင့် မူကြိုကျောင်းတွင် လေ့လာသင်ယူကြသည်။ သူတို့သည် ဤလေ့လာမှုအားလုံးကို သူတို့နှင့်အတူ သူတို့ အကြို-မူလတန်းကျောင်း စတက်သည့်အခါ ကျောင်းသို့ ယူလာကြသည်။

ကလေးများသည် သူတို့၏မိသားစုများက သူတို့အား အထောက်အပံ့ပေးသည့်အခါ အကောင်းဆုံး သင်ယူလေ့လာကြသည်။ သင့်ကလေး၏ လေ့လာသင်ယူမှုတွင် ပို၍များများ သင် ပါဝင်လုပ်လေ၊ နှင့် ဆရာဆရာမနှင့် ပို၍များများ သင် ပြောဆိုလေ နှစ်ဖက်လုံး သင့်ကလေးအား အထောက်အပံ့ပေးရန် ပိုမိုကောင်းမွန်လေ ဖြစ်သည်။ ကျောင်းနှင့်ပြင်းပြင်းထန်ထန် ပူးပေါင်းဆောင်ရွက်မှုတစ်ခုနှင့် ဆရာဆရာမတို့နှင့်ပုံမှန်ဆက်သွယ်မှုသည် သင့်ကလေးအား အချိန်ပြည့်တက်ရသည့် ကျောင်းတွင် အကောင်းဆုံး အစပြုရန် သေချာစေပါသည်။

အကြို-မူလတန်းကျောင်းတွင် သင့်ကလေးသည် အိမ်၌ သင်နှင့်အတူ ဖွံ့ဖြိုးတည်ဆောက်ခဲ့သည့် အရေးကြီးသည့် ကျွမ်းကျင်မှုများအပေါ် ဆက်လက်တည်ဆောက်သွားပါသည်။ ဤကျွမ်းကျင်မှုများတွင် သူတို့အား စိတ်ဝင်စားစေသည့် အရာများ အကြောင်းကို သင့်ကလေးက ပြောဆိုနိုင်ခြင်း၊ ရုပ်ပုံများရေးဆွဲရန်၊ စာရေးဟန်ဆောင်ရန်၊ အရောင်များ၊ နံပါတ်များ၊ အရွယ်အစားများနှင့် ပုံသဏ္ဌာန်များ နှင့် အခြားသူများနှင့် ဝေမျှဖလှယ်ရန် တို့ပါကောင်း ပါဝင်နိုင်သည်။

**သင့် အားတက်သရောလုပ်မှုသည် သင့်ကလေးအား ကျောင်းတွင် နေသားကျအောင် အထောက်အကူပေးပြီး နေ့စဉ် သူတို့ သင်ယူလေ့လာသည့်အရာများအပေါ် ဂုဏ်ယူဝင့်ကြွားစေသည်။**




© Department of Education, Western Australia, 2015



# စောစောပိုင်းအရွယ် အတွေ့အကြုံများနှင့် ဦးနှောက် ဖွံ့ဖြိုးမှု

ကလေးများ၏ ဦးနှောက်သည် 'ဆောင်ရွက်ဆဲကဏ္ဍရှိ ဥစ္စာပစ္စည်း" တစ်ခု ဖြစ်သည်။

ဘဝ၏ ဦးစွာသော နှစ်အနည်းငယ်၌ သင့်ကလေး၏ ဦးနှောက်သည် လျင်မြန်စွာဖြင့် ကြီးထွားလာသည်။ သူတို့အသက်အရွယ် သုံးနှစ်ရောက်ချိန်၌ သူတို့ဦးနှောက်၏ 90 ရာခိုင်နှုန်းသည် ဖွံ့ဖြိုးပြီးဖြစ်သည် – ထို့ကြောင့် ဤစောစောပိုင်းနှစ်များ၌ အတွေ့အကြုံများမှာ အလွန်အရေးကြီးပါသည်။

သင်၊ သင့်မိသားစု၊ မိတ်ဆွေများ၊ ကျောင်းအသိုင်းအဝိုင်းရှိ ကျောင်းဝန်ထမ်းများနှင့် အခြားလူများတို့နှင့် ချစ်ခင်ပြီး ဂရုစိုက်သည့် ဆက်ဆံရေးများသည် သင့်ကလေးအနေဖြင့် လူမှုရေးဆိုင်ရာ၊ စိတ်ခံစားမှု ဆိုင်ရာနှင့် ဉာဏ်ရည်ဆိုင်ရာတို့ကို ဖွံ့ဖြိုးရန် အထောက်အကူပေးပါသည်။

ကစားခြင်းသည် ကလေးဘဝအရွယ် သင်ယူလေ့လာရေး၌ အထူးသဖြင့် အရေးကြီးပါသည်။ ကစားခြင်းသည် ကလေးများအား ကျွမ်းကျင်မှုများကို လေ့ကျင့်ရန်၊ အခြားသူများနှင့်ဆက်သွယ်ရန်၊ စိန်ခေါ်မှုများကို ရင်ဆိုင်ရန်နှင့် ပျော်ရွှင်ပြီး နှစ်မျိုးသော နည်းလမ်းဖြင့် အခက်အခဲများကို ဖြေရှင်းရန် အခွင့်အလမ်းများကို ပေးအပ်ပါသည်။

တေးသီချင်းသီဆိုခြင်း၊ ကစားစရာ ကစားခြင်း၊ စကားပြောဆိုခြင်း၊ တက်ခြင်း ကခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်းနှင့် ပုံဆွဲခြင်း အားလုံး တို့သည် သင့်ကလေး၏ ဦးနှောက်ကို စဉ်းစားခြင်းနှင့် သင်ယူလေ့လာခြင်း နည်းလမ်းများကို ဖွံ့ဖြိုးအောင် အထောက်အကူပေးသည်။

© Department of Education, Western Australia, 2015

# အကြို-မူလတန်း မတက်မနေရ ကျောင်းပညာရေးကို စတင်ခြင်း

အချိန်ပိုင်း မူကြိုကျောင်း တစ်နှစ် ပြီးဆုံးပြီးနောက် သင့်ကလေးသည် အချိန်ပြည့် အကြို-မူလတန်ကျောင်းသို့ သွားရသည်။

၄င်းသည် အနောက်သြစတြေးလျပြည်နယ်တွင် မတက်မနေရ ကျောင်းပညာရေး ပထမနှစ် ဖြစ်ပါသည်။

အကြို-မူလတန်းကျောင်း စာသင်ခန်းသည် မူကြိုကျောင်း စာသင်ခန်းနှင့် ဆင်တူဖြစ်ပါသည်၊ အခန်းတစ်လျောက် ပြသထားသည့် ကလေးများ၏ ဖန်တီးထားသည့်အရာများ အမြောက်အမြား၊ အရောင်တောက်ပြောင်နေသည့် ပို့စ်တာများနှင့် ဇယားကားချပ်များနှင့်ပြည့်နက်နေပါသည်။

ကလေးများသည် အကြို-မူလတန်းကျောင်းတွင် သူတို့၏ကျောင်းဝတ်စုံကို ဝတ်ဆင်ရသည်။ မည်သည့် ကျောင်းဝတ်စုံဖြစ်ကြောင်းနှင့် မည်သည့်နေရာတွင် ဝယ်ယူရကြောင်း အချက်အလက်ပိုအတွက် သင့်ကျောင်းကို ဆက်သွယ်ပါ။

ကျောင်း အများအပြားသည် ကျောင်းစာသင်နှစ် မစတင်မီ သို့မဟုတ် ကျောင်းဖွင့်တန်း၏ ပထမ အပတ် အနည်းငယ် အတွင်း မိဘ သတင်းပေး ဟောပြောပွဲကို ကျင်းပပေးပါသည်။ ၄င်းသည် သင့်အား ဆရာဆရာမနှင့် အခြား မိသားစုများနှင့်တွေ့ဆုံရန် နှင့် ၄င်းနှစ်အတွက် အစီအစဉ်ဆွဲထားသည့် အရာတို့ကို သိရှိရန် အခွင့်အလမ်းကို ပေးအပ်ပါသည်။ အကယ်၍ သင် မတက်ရောက်နိုင်လျှင် တွေ့ဆုံရန် အခြားအချိန်တစ်ခုကို ချိန်းပေးရန်အတွက် ကျောင်းကို ဆက်သွယ်ပါ သို့မဟုတ် ဆရာဆရာမနှင့် ပြောဆိုပါ။

သင့်ကလေး၏ ဆရာဆရာမသည် မကြာခဏ စာရေးသားထားသည့် အချက်အလက်များကို အိမ်သို့ ပို့ပေးသည်၊ ဤအမှာသတင်းများကို ဖတ်ရန်အတွက် အချိန်ပေးရန်အရေးကြီးပါသည်။

ကျောင်း၌ သင့် ပါဝင်ပတ်သက်မှုသည် သင့်ကလေး မြန်မြန်ဆန်ဆန် နေသားကျအောင် အထောက်အကူပေးပြီး သင် သူတို့အား မည်သို့ အကောင်းဆုံး ထောက်ပံ့ပေးနိုင်ကြောင်းကို သင် နားလည်ရန် အထောက်အကူပြုသည်။




cc BY © Department of Education, Western Australia, 2015



## တစ်နေ့တာအတွင်း ဘာဖြစ်ပါသလဲ။

သင့်ကလေး၏ ဆရာဆရာမသည် နေ့စဉ် ကျောင်းစချိန်၌ စာသင်ခန်းသို့ လာရောက်ပေးရန် သင့်အား တိုက်တွန်းပါသည်။

ဖြစ်နိုင်သည့်အခါ သင့်ကလေးနှင့်အတူ ဤအရေးကြီးသည့်အချိန်ကို ဖြုန်းပေးရန် ကြိုးစားပါ။ ဤအချိန်သည် သင့်ကလေး ကျောင်းတွင် ဘာလုပ်နေသည်နှင့် သူတို့ကို အထောက်ကူပြုရန် သင် အိမ်တွင် ဘာလုပ်နိုင်သည်ကို သင် တွေ့ရှိမည် ဖြစ်သည်။

သင့်ကလေးအတွက် နေ့စဉ် ကျန်းမာသော အစာပြေ စားစရာနှင့် နေ့လည်စာကို ထုပ်ပိုးပေးရန် သေချာစေပါ။

သင့်ကလေး၏ ဆရာဆရာမသည် သူတို့၏ သင်ယူလေ့လာရေး အစိတ်အပိုင်းအဖြစ် လုပ်ဆောင်စရာများကို မျှမျှတတဖြစ်ရန်အတွက် စီစဉ်ပေးပါသည်။ နေ့စဉ် ကိုယ်လက်လှုပ်ရှား လုပ်ဆောင်ချက် အချို့ ပါဝင်ပါသည်၊ ထို့ကြောင့် သင့်ကလေး သင့်လျော်သော အဝတ်အစားများ ဝတ်ဆင်ထားကြောင်း သေချာအောင်လုပ်ပါ။

၎င်းတွင် သတ်မှတ်ထားသော နေ့များရှိကောင်း ရှိနိုင်သည်၊ ၎င်းနေ့တွင် သင့်ကလေးသည် စာကြည့်တိုက်မှ စာအုပ်များကို ယူလာနိုင်သည်။ ဤနေ့များကို မှတ်သားထားပြီး အိမ်၌ ပြက္ခဒိန်ပေါ်၌ ၎င်းတို့ကိုရေးထားပါ၊ သို့မှသာ သင်နှင့်သင့်ကလေးသည် အတူတူ ဖတ်ရှုရန်အတွက် ပြင်ဆင်ထားပြီး အချိန်အချို့ကို ဖယ်ထားနိုင်သည်။

အကြို-မူလတန်း ကျောင်းဆင်းချိန်၌ သင်သည် လာရောက်ပြီး သင့်ကလေးကို စာသင်ခန်းမှ ခေါ်ယူရန် လိုအပ်သည်။ အကယ်၍ တစ်စုံတစ်ယောက်က သင့်ကလေးကို လာရောက်ခေါ်ယူမည်ဆိုလျှင် ကြိုတင်၍ ကျောင်းကို အသိပေးထားပါ၊ သို့မှသာ မည်သူဆိုသည်ကို ဆရာဆရာမက သိမည်ဖြစ်သည်။

> နေပူလောင်မှုကို ပါးနပ်ပါ။ သင့်ကလေး နေ့တိုင်း ဦးထုပ်ဆောင်းပြီး နေပူကာလိမ်းဆေး လိမ်းထားကြောင်း သေချာစေပါ။

© Department of Education, Western Australia, 2015 (CC BY)

# ကျွန်ုပ် ကလေး ဘာကိုလေ့လာသင်ယူမည်နည်း။

အကြို-မူလတန်းကျောင်းသည် သင့်ကလေးအား ကမ္ဘာကြီးအား နားလည်ရန် သူတို့အား အထောက်အကူပေးမည့် မြောက်မြားစွာသော ကျွမ်းကျင်မှုများကို သင်ကြားပေးပါသည်။ သင့်ကလေးသည် စာအရေးအဖတ်နှင့် အတွက်အချက်အကြောင်းကို ပိုမို၍ လေ့လာသင်ယူသည့်ပြင် ထပ်ဆင့်၍ သူတို့၏ ကိုယ်ရေးကိုယ်တာနှင့် လူမှုရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ နိုင်းဆ၍တီထွင်သည့်တွေးခေါ်မှု၊ နှင့် ကိုယ်ပိုင်းဆိုင်ရာ သာယာဝပြောမှု တို့ကိုဖွံ့ဖြိုးကြသည်။ သင့်ကလေးသည် နည်းပညာ၊ အနုပညာ၊ သိပ္ပံ၊ လူသားဆိုင်ရာနှင့်လူမှုရေးရာ သိပ္ပံ၊ နှင့် ဘာသာစကားများတို့ရှိ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးကြသည်။ သင့်ကလေး၏ ဆရာဆရာမသည် ကလေး၏ အမျိုးမျိုးသော အတွေ့အကြုံများနှင့် နောက်ခံသမိုင်းများတို့ကို ထည့်တွက်ချက်ပြီး သူတို့၏ အရည်အချင်းနှင့်သင်ယူရေးလိုအပ်ချက်များ တို့နှင့်ကိုက်ညီရန် အစီအစဉ်များကို ဦးတည်ထားပါသည်။

## အင်္ဂလိပ်စာ သင်ယူရေး နယ်ပယ်

### နားထောင်ခြင်းနှင့် စကားပြောခြင်း

သင့်ကလေးသည် စာသင်ခန်း၊ အုပ်စုနှင့် စုံတွဲလိုက် ဆွေးနွေးမှုများတွင် ပါဝင်လုပ်ကိုင်ပါသည်။ သူတို့သည် အခြားသူများကို နားထောင်ပြီး အခင်းဖြစ်ရပ်များနှင့် အတွေ့အကြုံများကို သူတို့၏ အတန်းသူ အတန်းသားများနှင့် သိပြီးသား လူကြီးများတို့အား ပြန်ပြောပြကြသည်။ သူတို့သည် စကားလုံးများ၌ ကာရံတူများ၊ အက္ခရာစာလုံး အစဉ်များနှင့်အသံများတို့ကိုလည်း ဖော်ထုတ်ပြီး သုံးပါသည်။

### စာဖတ်ခြင်း

ပုံပြောစာအုပ်များနှင့်ရုပ်ရှင်များမှတစ်ဆင့် သင့်ကလေးသည် ပုံဇာတ်လမ်းများမှာ အကြံဉာဏ်များနှင့် ခံစားချက်များ အကြောင်း ဖြစ်ကြောင်းနှင့် ၎င်းတို့တွင် ဇာတ်ကောင်များနှင့် အခင်းဖြစ်ရပ်များရှိကြောင်း လေ့လာသင်ယူကြသည်။ ဆရာဆရာမသည် သင့်ကလေးအား ပုံဇာတ်လမ်းတွင် ဘာဖြစ်သည့် အကြောင်းနှင့် ဇာတ်ကောင်များမှာ မည်သို့ပုံစံ ရှိကြောင်း သင့်ကလေးအား မေးကောင်းမေးနိုင်သည်။ စကားလုံးများရှိ ကာရံတူများ၊ အက္ခရာစာလုံးအစဉ်များနှင့် အသံများကို နားထောင်ခြင်းသည် စောစောပိုင်း စာဖတ်ခြင်းအတွက် အရေးကြီးပါသည်၊ ထို့ကြောင့် စာသင်ခန်းလှုပ်ရှားမှုများမှာ ၎င်းတို့အပေါ် အာရုံစိုက်ထားသည်။ သင့်ကလေးအား အင်္ဂလိပ်အက္ခရာ စာလုံးများကို ဖော်ထုတ်ရန်နှင့် ၎င်းတို့ကို ၎င်းတို့၏အသုံးအများဆုံး အသံနှင့်ဆက်စပ်ပေးရန်တို့ကိုလည်း သင်ကြားပေးသည်။ သင့်ကလေးသည် အမျိုးမျိုးသော တိုပြီး ခန့်မှန်း၍ရသည့် စာများကို ယဉ်ပါးသည့်စကားလုံးများနှင့်ပုံ့ပိုး ရုပ်ပုံများနှင့်တကွ ဖတ်ရှုရသည်။




© Department of Education, Western Australia, 2015



## စာရေးခြင်း

သင့်ကလေးသည် အက္ခရာစာလုံးများကို စူးစမ်းရန်၊ အက္ခရာစာလုံးကြီးနှင့် အက္ခရာစာလုံးသေး အကြား ကွာခြားမှုကို လေ့လာခြင်း ဆက်လက်လုပ်ပြီး စာလုံးတည်ဆောက်မှုများကို သုံး၍ စာရေးရန် စတင်မည်ဖြစ်ပါသည်။ သူတို့၏စာအရေးအသားတွင် သူတို့သည် သိပြီးသား စကားလုံးများနှင့် ယဉ်ပါးသည့် စကားစုများကို သုံးပြီး အက္ခရာစာလုံးကြီးနှင့် ပုဒ်မများကို သုံးရန်စတင်ပါသည်။ စကားလုံးအသစ်များကို အားထုတ်မှုများသည် အသံ-စာလုံး သိကျွမ်းမှု ဖွံ့ဖြိုးလာခြင်းကို ပြသပါသည်။ သင့်ကလေးသည် မကြာခဏ မြင်တွေ့ရများသည့် စကားလုံးများကိုသုံးရန် စတင်ပါသည်၊ ဥပမာ- *the, is နှင့် was စကားလုံးတို့ဖြစ်သည်။*

## သချင်္ချာဘာသာရပ် လေ့လာရေး နယ်ပယ် နံပါတ်များ-

သင့်ကလေးသည် နံပါတ်နံမည်များ၊ နံပါတ်များနှင့်အရေအတွက်များကို ဆက်စပ်ပေးရန် စတင်လုပ်ပါသည်၊ သုံးည၊ ကနဦးအားဖြင့် 10 အထိ၊ ယင်းနောက် 20 အထိ၊ တဖန် ရှေ့ဆက်တိုး၍အထိ အပါအဝင်တို့ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် သင့်ကလေးသည် စဉ်းစားနိုင်ကောင်း စဉ်းစားနိုင်သည်- *သုံးည* ဆိုသည်မှာ 'ဒုံးပျံလွှတ်သည်'ဟုထင်မည်။ သင့်အနေဖြင့်ရှင်းပြရန်လိုသည်မှာ ၎င်း၏အဓိပ္ပါယ်မှာလည်း *မရှိ* သို့မဟုတ် *ဘာမျှမရှိ ဖြစ်သည်။*

သင့်ကလေးသည် အရာပစ္စည်းအနည်းငယ်ကို ထည့်သွင်းခြင်း၊ ဖယ်ရှားခြင်း၊ အုပ်စုဖွဲ့ခြင်းနှင့် ဝေမျှဖလှယ်ခြင်း တို့ကိုလုပ်ရသည့် နံပါတ်ပုစ္ဆာများကို အဖြေရှာရန် လေ့လာသင်ယူပါသည်။ ဥပမာ၊ သူတို့သည် လယ်ယာသုံးတိရစ္ဆာန်အရုပ်များကို သုံး၍ နွားလေးကောင်ရှိပြီးသားနွားခြံအတွင်း နွားသုံးကောင် ကိုထည့်ပြီး ယင်းနောက် စုစုပေါင်း နွားဘယ်နှစ်ကောင် ရှိကြောင်း တွက်ချက်နိုင်ပါသည်။

သင့်ကလေးသည် အရာပစ္စည်းများကိုသုံး၍ အဆင်အယဉ်များကို ဖန်တီးရန်၊ အတုခိုးပုံတူလုပ်ရန်နှင့် ဆက်လက်လုပ်ရန်တို့ကို လေ့လာသင်ယူသည်။ ဤအဆင်အယဉ်များကို အရောင်များ၊ ပုံသဏ္ဍာန်များနှင့်အရွယ်အစားများပေါ် အခြေခံထားကောင်း ထားနိုင်သည်။

© Department of Education, Western Australia, 2015

## သင်္ချာပညာတွင်သုံးသည့် ဘာသာစကား

သင့်ကလေးသည် ရေတွက်ရန်၊ နံပါတ်များ ရှေ့တိုး နောက်ဆုတ် နှစ်ဖက်လုံး အစဉ်အတိုင်းကို အမည်ခေါ်ဝေါ်ခြင်း တို့ကိုသင်ယူလေ့လာပြီး သက်ဆိုင်သည့် သင်္ချာပညာတွင်သုံးသည့် ဘာသာစကားကိုသုံးရန် စတင်လုပ်ပါသည်။ *မည်မျှနည်း။ ဘယ်နှစ်ခုလဲ။* နှင့် *ဘယ်လောက်ရှည်သလဲ။* သူတို့သည် သူတို့၏ ကစားပွဲများနှင့် လုပ်ဆောင်ချက်များအတွက် အရာပစ္စည်းများ 'အလုံအလောက် ရအောင်' နံပါတ်ငယ်ငယ်များကို သုံးပါသည်။

ကစားပွဲများနှင့် လုပ်ဆောင်ချက်များအတွင်း သင့်ကလေးသည် အရာပစ္စည်းများ၏ အရွယ်အစားကို နှိုင်းယှဉ်ရန် စတင်လုပ်ပါသည်၊ ဤကဲ့သို့ ဘာသာစကားကို သုံးခြင်းအားဖြင့်- *longer ပိုရှည်, shorter ပိုတို, taller ပိုမြင့်၊ heavier ပိုလေး၊ light ပိုပေါ့၊ fatter ပိုဝ* နှင့် *thinner ပိုပိန်*။ သူတို့သည် အချိန်နှင့်ပတ်သက်သည့် နေ့စဉ်သုံးဘာသာစကားကိုသုံးပြီး ယဉ်ပါးသည့်အခင်းဖြစ်ရပ်များကို တစ်ပတ်တွင်းရှိနေ့ရက်များနှင့် ဆက်စပ်ပေးသည်။ ဥပမာ၊ သူတို့သည် ဗုဒ္ဓဟူးနေ့တိုင်း၌ ကျောင်းစာကြည့်တိုက်သို့ သူတို့သွားသည်ကို မှတ်မိကောင်း မှတ်မိနိုင်သည်။

သင့်ကလေးသည် ပုံသဏ္ဍာန်နှင့် သဒ္ဒါကံစကားလုံးများ (object words) စကားလုံးများကိုလေ့လာရန် စတင်လုပ်ပါသည်၊ ဥပမာ- *ball ဘောလုံး, circle စက်ဝိုင်း, square လေးထောင့်, cube ကုဗ, triangle သုံးမြှောက်* နှင့် *cone လုံးချွန်*၊ တည်နေရာပြ စကားလုံးများကိုလည်း လေ့လာသည်၊ ဥပမာ- *near အနီးအနား, far ဝေးဝေး၊ between အကြား၊ under အောက်၊ behind* နှင့်*in front အရှေ့၌ တို့ဖြစ်သည်*။

## တန်းဝင် စာမေးပွဲ

ကျောင်းဖွင့်တန်းကာလ 1 အတွင်း အကြို-မူလတန်း ကလေး အားလုံးသည် စာအရေးအဖတ်နှင့် အတွက်အချက် အတွက် စာမေးပွဲဖြေရပါသည်။ ၎င်းတွင် အောင်သည် ကျသည် မရှိပါ။ ဆရာဆရာမများသည် ဘာသာစကား၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ ရေတွက်ခြင်း နှင့်နံပါတ်များတို့တွင် ကလေးများ၏ ကျွမ်းကျင်မှုများနှင့် ပတ်သက်၍ အချက်အလက်ကောက်ယူပါသည်။ ၎င်းသည် သူတို့အား ကလေးတစ်ဦးချင်းအတွက် သင်ခန်းစာများကို စီစဉ်ရန်နှင့် သင်ယူလေ့လာရေးကို ကျကျနန လုပ်ရန် အထောက်အကူပေးသည်၊ ကောင်းကောင်းဖြေနိုင်သည့် ကလေးများကို ဆက်လက် တိုးချဲ့ပေးခြင်းနှင့် အထောက်အပံ့ပိုမိုလိုအပ်နိုင်သည့်သူများကို ပံ့ပိုးပေးသွားခြင်းဖြစ်သည်။




CC BY © Department of Education, Western Australia, 2015



ကျောင်း၌ သင့်ကလေး လုပ်သည့်အရာများအပေါ် စိတ်ဝင်စားမှုရှိကြောင်း ပြောကြားခြင်း၊ စာသင်ခန်းတွင် ကူညီပေးခြင်းနှင့် ကျောင်းအသိုင်းအဝိုင်း၏ အစိတ်အပိုင်း အဖြစ်ပါဝင်နေခြင်းတို့သည် သင် ကျောင်းကိုမည်မျှ တန်ဖိုးထားကြောင်း သင့်ကလေးအား ပြသပါသည်။



# နေ့စဉ်ကျောင်းသို့ တက်ရောက်ခြင်းသည် အမှတ်တကယ် အရေးပါသည်

ကျောင်းတွင် သင့်ကလေး၏ ဆရာဆရာမသည် ယခင်လေ့လာခဲ့ပြီးသား ကျွမ်းကျင်မှုများကိုမူတည်၍ အစီအစဉ်များနှင့် လုပ်ဆောင်စရာများကို စီစဉ်ရေးဆွဲမည်ဖြစ်သည်။

မူကြိုကျောင်းမှစ၍ ကျောင်းသို့ပုံမှန်သွားရောက်သည့် အလေ့အကျင့်ကို ဖွံ့ဖြိုးပေးခြင်းသည် အကျွရာကျသည်၊ သို့မှသာ သင့်ကလေးသည် အနာဂတ်လေ့လာသင်ယူရေးအတွက် သူတို့လိုအပ်သည့် အရေးကြီးသော အကြံဉာဏ်များနှင့်ကျွမ်းကျင်မှုများကို ကျန်ရစ်မည် မဟုတ်ပါ။

သင် အောက်ပါတို့လုပ်ခြင်းဖြင့် ကူညီနိုင်သည်-

- ကျောင်းအကြောင်း အကောင်းဖက်ရှုမြင်၍ ပြောဆိုခြင်း သို့မှသာ သင့်ကလေးသည် နေ့စဉ် ကျောင်းသို့ သွားချင်မည် ဖြစ်သည်
- ကျောင်း၌ သင့်ကလေး လုပ်သည့်အရာများအပေါ် စိတ်ဝင်စားမှု ပြသခြင်းနှင့် အိမ်တွင် သင် ဘာလုပ်နိုင်သည့်အကြောင်းကို ဆရာဆရာမနှင့် ပြောဆိုခြင်း
- သင့်ကလေး မိတ်ဆွေဖွဲ့ရန်အတွက် ကူညီပေးရန် ကစားမည့်ရက်များကို သတ်မှတ်ပေးခြင်း
- သင့်ကလေးအား မည်ကဲ့သို့ ဝေမျှဖလှယ်ရန်နှင့် အလှည့်ကျကိုယူရန် သင်ကြားပေးခြင်း
- ကျောင်းသို့ အချိန်မီ ရောက်ရှိလာခြင်းနှင့် ကျောင်းမှအချိန်မီ ကလေးကို လာရောက်ခေါ်ယူခြင်း
- သင့်ကလေးသည် နေ့စဉ် အာဟာရ ရရှိရန်နှင့် ညတိုင်း လုံလုံလောက်လောက် အိပ်စက်ရန် သေချာစေခြင်း
- ဆရာဝန်များ၊ သွားဆရာဝန်များနှင့် အထူးကု ဆရာဝန်များတို့နှင့် ရက်ချိန်းများကို ကျောင်းချိန်နောက်ပိုင်း သို့မဟုတ် ကျောင်း ပိတ်ရက်များတွင် လုပ်ပေးခြင်း
- မိသားစု အားလပ်ရက်အပန်းဖြေခရီးကို ကျောင်းဖွင့်တန်းကာလ မဟုတ်သည့် ကျောင်းပိတ်ရက်များအတွင်း လုပ်ပေးခြင်း။

အကယ်၍ သင့်ကလေးသည် နေမကောင်းဖြစ်ပြီး ကျောင်းသို့ မလာနိုင်လျှင် ဆရာဆရာမအား အသိပေးရန် ကျောင်းသို့ တယ်လီဖုန်းဆက်ပါ သို့မဟုတ် အမှာသတင်းတို ပို့ပါ။ အကယ်၍ သင့် ကလေး ကျောင်းတစ်ရက်ပျက်လျှင် ဆရာဆရာမနှင့် သင့်ကလေး မည်ကဲ့သို့ စာလိုက်နိုင်ရန်ကို သိရှိအောင် ပြောဆိုပါ။ အကယ်၍ သင့်ကလေးကို ကျောင်းသို့ပို့ရန် သင့်တွင် အခက်အခဲ ရှိနေလျှင် ဆရာဆရာမနှင့်ပြောဆိုပါ။

© Department of Education, Western Australia, 2015

# အိမ်တွင် သင် ဘာလုပ်နိုင်သည်

- သင့်အနေဖြင့် သင့်ဒေသရှိ စာကြည့်တိုက်သို့ သွားရောက်ရန် လိုလားကောင်းလိုလားနိုင်ပြီး သင့်ကလေးအား စိတ်ဝင်စားစေသည့် ခေါင်းစဉ်များနှင့်ပတ်သက်သည့် စာအုပ်များကို ငှါးကောင်းငှါးနိုင်သည်။
- သင့်ကလေးအား ပုံဆွဲရန်၊ စာရေးရန်နှင့် ပုံဇာတ်လမ်းများ ပြောရန် တိုက်တွန်းပါ။
- သင့်ကလေးအား စမ်းလုပ်ရန်နှင့် အမှားကို သင်ယူပြီး အလုပ်ကို ပြီးအောင်လုပ်ရန် တိုက်တွန်းပါ။ စိတ်ရှည်ရှည်ထားပါ၊ သူတို့အား လုပ်ခွင့်ပြုပါ။
- သင့်ကလေးနှင့်အတူ နေ့စဉ် စာဖတ်ရန် အချိန်သတ်မှတ်ထားပါ။ ၄င်းသည် ကောင်းသော စာဖတ်ခြင်းအလေ့အထများကို တိုးမြှင့်ပေးရုံသာမကပဲ မိသားစုအဖြစ် အချိန်အတူတူ ဖြုန်းရန် အလွန်ကောင်းသော နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။ သင့်ကလေး အကြိုက်နှစ်သက်ဆုံး စာအုပ်ကို ထပ်ခါတလည်လည် ဖတ်ရှုပါ။ သူတို့ကို ပါဝင်ဖတ်ရန် တိုက်တွန်းပါ။ ပြောချင်အောင် ရုပ်ပုံများကို သုံး၍ သူတို့အား သင့်ကို ပုံဇာတ်လမ်း ပြောခိုင်းပါ သို့မဟုတ် သူတို့အား ဖတ်ချင်ဟန် ဆောင်ခိုင်းပြီး ပုံဇာတ်လမ်းကို ဖန်တီးခိုင်းပါ။ ပုံဇာတ်လမ်း၏ ဇာတ်သိမ်းပိုင်း အကြောင်းကို ပြောဆိုကြပြီး သူတို့၏ အကြံဉာဏ်ကို တင်ပြရန် သင့်ကလေးအား တိုက်တွန်းပါ။ ဇာတ်သိမ်းပိုင်းကို သူတို့ ကြိုက်နှစ်သက်ခဲ့သလား။ ပုံဇာတ်လမ်း မည်သည့်ပုံစံနှင့် ဇာတ်သိမ်းခဲ့သလဲ။
- သူတို့အား စာရေးသားရခြင်း၏ အကြောင်းရင်းနှင့် မည်သည့်အတွက်ကြောင့် ရေးရကြောင်း စာရေးပြီး သင့်အားပြောပြရန် တိုက်တွန်းပါ။ ဥပမာ- *ကျွန်ုပ်၏ မွေးနေ့ ဆုတောင်းကတ်ပြား အတွက် ကျေးဇူးတင်ရန် ကျွန်ုပ် အဖွားသို့ စာတစ်စောင် ရေးနေပါသည်.*
- နံပါတ်များ အသုံးပြုပုံကို လေ့ကျင့်ပါ ၄င်းပြင် နေ့စဉ် အလုပ်တာဝန်များကို လုပ်နေစဉ် သင့်ကလေးနှင့်အတူ ရေတွက်ခြင်းကို လေ့ကျင့်ပါ။ ဥပမာ- *ကျွန်ုပ်တို့တွင် ညစာ လာရောက်စားရန် ဖိတ်ခေါ်သည့် နှစ်ယောက် ရှိပါသည်။ ကျွန်ုပ်တို့၏ မိသားစုတွင် လူလေးယောက်ရှိသည်၊ ထို့ကြောင့် ကျွန်ုပ်တို့ ပန်းကန် မည်မျှလိုမည်နည်း။*
- သင့်ကလေးအား ရေတွက်ရန် မလိုပဲ အရာပစ္စည်း မည်မျှရှိကြောင်းကို ပြောရန် သူတို့၏ နံပါတ် ကျွမ်းကျင်မှုများကို သုံးရန် တိုက်တွန်းပါ၊ ဥပမာ သင် အရာသုံးခုကို 'မြင်' ရုံမြင်နိုင်သည် သို့မဟုတ် အရာခြောက်ခုကို မြင်ရုံမြင်နိုင်သည်၊ သုံးခုနှင့်သုံးခုအဖြစ် မြင်နိုင်သည်။
- သင့်ကလေးနှင့်အတူ တိုင်းတာခြင်းကို စကားပြောရင်းဖြင့် သင် ချက်ပြုတ်နေသည့်အခါ၊ ဈေးဝယ်နေသည့်အခါ သို့မဟုတ် ရေချိုးစဉ် လုပ်ပါ။အရာအမျိုးမျိုး မည်သို့ရှိနိုင်ကြောင်း စူးစမ်းပါ- *ပိုရှည်သည်* သို့မဟုတ် *ပိုတိုသည်*, *ပိုထူသည်* သို့မဟုတ် *ပိုပါးသည်*၊ နှင့် *ပိုပေါ့သည်* သို့မဟုတ် *ပိုလေးသည်*။
- သင့်ကလေးအား ဘူးတစ်ခုမှ တစ်ခုသို့ ရေ သို့မဟုတ် သဲကို မည်သည်က ပိုအဝင်ဆန့်ကြောင်း ဆုံးဖြတ်ရန်အတွက် လောင်းထည့်ရန် ကူညီပါ သို့မဟုတ် စားပွဲခင်းသည် စားပွဲကို ဖုံးအုပ်ရန် လုံလောက် သလောက်ကြီးကြောင်း စုံစမ်းရန် ကူညီပါ။
- သင့်ကလေးအား သဘာဝရှိ အရာများကို စူးစမ်းရန်နှင့် မေးခွန်းများ မေးရန် တိုက်တွန်းပါ။
- အရာပစ္စည်းများကို စုဆောင်းပြီး ၄င်းတို့ကို အုပ်စုလိုက် ခွဲခြားပေးပြီး ပုံသဏ္ဍာန်များ၊ အရွယ်အစားများ၊ အဆင်အယဉ်များနှင့် ၄င်းတို့ ဘယ်လိုထိတွေ့မှုမျိုးနှင့်တူကြောင်း ပြောဆိုပါ။
- သင့်ကလေး၏ မိသားစု သမိုင်းကို ဓါတ်ပုံများ၊ အရာပစ္စည်းများနှင့် ပုံဇာတ်လမ်းများကို ပြောခြင်း တို့ကိုသုံးခြင်းအားဖြင့် စူးစမ်းပါ။ သင့်ဆွေမျိုးများအကြောင်းကို ပြောဆိုပါ၊ သူတို့ မည်သည့်နေရာတွင် မွေးဖွားကြောင်းနှင့် သူတို့ သင့်ကလေး၏ အသက်အရွယ်၌ ဘဝမှာ မည်ကဲ့သို့ ကွဲပြားကြောင်း တို့ဖြစ်ပါသည်။




CC BY
© Department of Education, Western Australia, 2015



ကျောင်း၌ ကျောင်းအပ်သည့်အခါ အကယ်၍ သင့်ကလေးတွင် ဓာတ်မတည့်မှု တစ်ခုခု ရှိမရှိ သို့မဟုတ် ရောဂါတစ်ခုခု ရှိမရှိ သင် ပြောပြထားရန် သေချာအောင်လုပ်ပါ။ အကယ်၍ သင့်ကလေးတွင် သီးခြားလိုအပ်ချက်များ ရှိလျှင် ၎င်းအတွက် မည်သည့်အစီအစဉ်များ ချထားကြောင်း သိရှိရန် ကျောင်းနှင့်စစ်ဆေးပါ။ ၎င်းသည် အကယ်၍ သင့်ကလေးသည် အထူးကုဆရာဝန်တစ်ဦးအား ပြသနေကြောင်း ဆရာဆရာမ အတွက် သိရှိရန်ကိုလည်း အထောက်အကူပြုသည်။

# သင်နှင့် သင့်ကလေးအတွက် ပိုမိုသော အကြံဉာဏ်များ

## သင့်ကလေးနှင့် ပြောဆိုပါ

ကျောင်းတွင် သင့်ကလေးသည် ဆက်သွယ်ပြောဆိုခြင်း၏ အရေးကြီးပုံကို သင်ယူလေ့လာပါသည်။
သင်သည် သင့်ကလေးနှင့် ကျောင်းတွင် သူတို့လုပ်သည့် အရာများ အကြောင်းကို ပြောဆိုခြင်းဖြင့် ကူညီပေးနိုင်သည်။ သူတို့အား နေ့အချိန်အတောအတွင်း ဖြစ်ပွားခဲ့သည့် အရာများကို ရှင်းပြခိုင်းပါ သို့မဟုတ် ပုံဖော်ပြခိုင်းပါ။
အကယ်၍ တစ်ခုကိုမျှ သူတို့ မစဉ်းစားနိုင်လျှင် အချက်အလက်ပိုမို ရရှိရန် မေးခွန်းများ မေးပါ။ 'ပွင့်လင်းသည့်' မေးခွန်းများကို မေးပါ ထိုအခါ သင့်ကလေးသည် 'ဟုတ်တယ်' သို့မဟုတ် 'မဟုတ်ဘူး' ထက်ပိုမို၍ ဖြေကြားမည်ဖြစ်သည်။ ဥပမာ- *ယနေ့ ကျောင်းတွင် သင်လုပ်ခဲ့သည့် သင့်အကြိုက်ဆုံးအရာမှာ ဘာလဲ။ ၎င်းအစား ယနေ့ ကျောင်း၌ သင့်တွင် ပျော်ရွှင်စရာ ရှိခဲ့သလား။*
သင့် တစ်နေ့တာ အကြောင်းကိုလည်း ပြောပြရန် သေချာစေပါ။

## ဆရာဆရာမနှင့် ပြောဆိုပါ

သင့်ကလေး၏ ဆရာဆရာမနှင့် ပုံမှန် ဆက်သွယ်ပါ။ သင့် ကျောင်းတွင် ဤသို့လုပ်ရန် သင့်အတွက် နည်းလမ်းများ မျိုးစုံ ရှိပါသည်။ အကယ်၍ သင့်ကလေး၏ ဆရာဆရာမနှင့် အနှောင့်အယှက်ပေးခြင်းမရှိစေပဲ စကားပြောဆိုလိုလျှင် ရက်ချိန်းတစ်ခုလုပ်ရန် အကောင်းဆုံးဖြစ်သည်။

## အတန်းကို ပံ့ပိုးပေးပါ။

သင့်ကလေး၏ ဆရာဆရာမသည် ကလေးများ စာဖတ်နေသည်ကို နားထောင်ပေးခြင်း၊ ကလေးများ၏ စာရေးသားခြင်းနှင့် အနုပညာအလုပ် တို့ကိုကူညီပေးခြင်း၊ အားကစား လှုပ်ရှားမှုများ၊ လေ့လာရေးခရီးများနှင့် အထူးပွဲလမ်းဖြစ်ရပ်များတို့ကိုလည်း ကူညီပေးခြင်း တို့ကိုထောက်ကူပေးရန် တောင်းဆိုကောင်း တောင်းဆိုနိုင်သည်။ သင်သည် ကျောင်း မိဘများနှင့်နိုင်ငံသား အသင်း [school's parents and citizens' (P&C) association] တွင်လည်း ပါဝင်ပတ်သက်ချင်ကောင်း ပတ်သက်ချင်မည် သို့မဟုတ် ကျောင်းမုန့်ဆိုင်တွင် စေတနာ့ဝန်ထမ်း လုပ်ချင်ကောင်း လုပ်ချင်နိုင်မည်။

ဆရာဆရာမများသည် များသောအားဖြင့် အနုပညာ၊ လက်မှုပညာ၊ သချာ်နှင့် သိပ္ပံဘာသာ အတွက် အရာပစ္စည်းများကို လိုအပ်ပါသည်၊ ကြယ်သီးများ၊ အကြမ်းသုံးစွန့်ပစ္စည်းများ၊ ခရုခွံများ၊ ပလပ်စတစ်ဘူးများနှင့် ပုလင်းများကဲ့သို့ အရာများဖြစ်သည် – ပစ္စည်းစာရင်းမှာ မဆုံးနိုင်ပါ။ သူတို့ မည်သည့် အရာပစ္စည်းများ လိုအပ်ကြောင်း ဆရာဆရာမနှင့်ပြောဆိုပါ။

## အတူတကွ ဖတ်ရှုပါ

ကလေးများသည် သူတို့အား စာဖတ်ပေးသည်ကို ကြိုက်နှစ်သက်သည်။ အတူတကွ စာဖတ်ပေးရန် သင် ဖြုန်းလိုက်သည့်အချိန်သည် သင့်ကလေး အနေဖြင့် စာအုပ်များနှင့် စကားလုံးများကို ခင်တွယ်မှု ဖွံ့ဖြိုးရန် အထောက်အကူပေးပါသည်။ သင် ပို၍စောစော စလေ ပို၍ကောင်းလေ ဖြစ်ပါသည် – အကယ်၍ သင့်ကလေးသည် ဘာသာစကားနှင့်၎င်းတို့ကို သုံးသည့် များစွာသော နည်းလမ်းများနှင့် ယဉ်ပါးနေလျှင် ကျောင်းအတွက် ပိုမို၍ အဆင့်သင့်ပြင်ဆင်ပြီးဖြစ်ပါသည်။

သင့် ဒေသရှိစာကြည့်တိုက်သည် စာအုပ်များနှင့် ဖတ်စရာအရာများ၏ ရတနာတိုက်တစ်ခု ဖြစ်ပါသည် – သင့်ကလေးအား သူတို့ကို စိတ်ဝင်စားစေမည့် စာအုပ်များကို ရွေးခွင့်ပြုပါ။

© Department of Education, Western Australia, 2015



ISBN 978-0-7307-4564-8

W: education.wa.edu.au

© Department of Education, Western Australia, 2015